# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီ

# ၁၉၇၄ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဆောင်ရွက်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ

**[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄။]**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၈ ရက်။**

**(၁၉၇၄ ခုနှစ်၊ မတ်လ ၃၀ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (က) ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဆောင်ရွက်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၄-၇၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံအနှစ် (၂၀) နှစ်ရှည်စီမံကိန်းနှင့် ဒုတိယလေးနှစ်စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့် နှစ်စဉ်ရည်မှန်းချက်နှင့် ဒုတိယလေးနှစ် စီမံကိန်း (၁၉၇၄-၇၅ မှ ၁၉၇၇-၇၈) တို့၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ၊ ဒုတိယလေးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၄-၇၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကိုရရှိနိုင်ရန်အတွက် ယင်းကဏ္ဍနှင့်ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည်ဖော်ကြရမည်။

----- Footnote -----

[ပင်ရင်း- ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၄ ခုနှစ် ဥပဒေများ နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၄-၇၅ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ရည်မှန်းချက်များ

Myanmar Law Information System (MLIS)